ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ
အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင်မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း**

၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက် ဖြစ်စေ ဖော်ပြရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ပူးတွဲဖော်ပြပါ ကုန်စည်များတွင် အောက်ပါ အချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည် -

(က) သုံးစွဲပုံအညွှန်း၊
(ခ) ထားသိုသိမ်းဆည်းပုံအညွှန်း၊
(ဂ) ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊
(ဃ) ဘေးထွက်ဆိုးကျိုး၊

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ ၆ လ ပြည့်မြောက်သည့်နေ့တွင် စတင် အာဏာသက်ရောက်စေရမည်။

၄။ အပိုဒ် ၂ ပါအချက်ကို လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူခြင်းခံရမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

စာအမှတ်၊ စသရ (ဗဟို) /၂၀၁၈-၂၀၁၉ (၀၀၅၈ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၂၆ ရက်

D:\Central Committee\Central Committee\2018\9-2018\Labelling\Order draft Edit Final Repair Attorney.docx